# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

## ပန်းတောင်းကျေးရွာ

## မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇-၂၀၂၁)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပန်းတောင်းကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ

ပန်းတောင်းကျေးရွာ

မင်းဘူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၆ – ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပန်းတောင်းကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၂

စကားချီး ၅

ပန်းတောင်းကျေးရွာသယံဇာတပြမြေပုံ၊ မင်းဘူး(စကု)မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမရေးရာကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ ၁၈

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၂၉**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ ၅၈**

**နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း ၆၅**

**ကိုးကားစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ၂၀၂၀-၂၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာ ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရာယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ပက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့တွင် ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင် မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောက်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင် မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘက်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ဒီဇင်ဘာလ ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပန်းတောင်းကျေးရွာ

မင်းဘူးမြို့နယ်

# ပန်းတောင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြပါမည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာ နိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း

နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ကျေးရွာသည် ပုသိမ်-မုံရွာ ကားလမ်းမကြီးပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံး စိုက်ရာ မင်းဘူးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် တောင်တန်းများအကြား တွင် တည်ရှိပြီး ရွာ၏အနောက်ဘက်တွင် မန်းရွှေစက်တော်ဘုရားသို့ သွားရာ(၈)မိုင်လမ်း ရှိပြီး အရှေ့ဘက် ပုသိမ်-မုံရွာလမ်းမှ သွားရာတွင် မန်းရွှေစက်တော်(၃)မိုင်လည်းရှိသည်။ ထို့အပြင် ရွှေစက်တော်ကြိုးဝိုင်းနှင့် ကျွန်တော်တို့ကျေးရွာသည် တဆက်တည်းဖြစ်သည်။ အဓိက အသက်မွေး ဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်သည်။ မိုးရေချိန်နည်းသော အပူပိုင်းဒေသဖြစ်သည်။ ကျေးရွာအနီးတွင် တောတောင်များရှိပြီး ချောင်းများလည်းရှိသည်။ မန်းချောင်းသည် ကျွန်တော်တို့ကျေးရွာ၏ သောက်ရေ၊ သုံးရေအဓိကဖြစ်ပြီး ရွာအတွင်း ရေချို မရရှိပါ။ ရွှေစက်တော်ပွဲတော်ရာသီတွင် အထက်ဘက်တွင် ဖြစ်နေသောကြောင့် ထိုပွဲတော်ရာသီတိုင်း တွင် သောက်ရေအခက်အခဲဖြစ်ရသည်။

## ၂။(ခ) သဘာဝအရင်းအမြစ်

သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရရှိပြီး လက်လှမ်းမီနိုင်မှု နည်းပါးပါသည်။သဘာဝ တိရစ္ဆာန်မျိုးစိတ်များ အနည်းအကျဉ်းရှိသော်လည်း သစ်တောပြုန်းတီးမှုကြောင့် တောတွင်းတိရစ္ဆာန် များပျောက်ကွယ်နိုင်သည်။ သဘာဝဆေးဖက်ဝင် အပင်မျိုးစိတ်များလည်း ရှားပါးလာသည်။ ထို သက်ရှိ-သက်မဲ့ မျိုးစိတ်များ မပျောက်ကွယ်စေရန် သစ်တောပြုန်းတီးမှု ထိန်းချုပ်ကာကွယ်ရန် လိုအပ်ပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု ၂၇၉ စုရှိပြီး လူဦးရေ ၁၀၅၆ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၁၀၀% ခန့်ရှိသော်လည်း တစ်အိမ်ထောင်စု ပျမ်းမျှလူဦးရေမှာ ၄ ဦး တွေ့ရှိရပါသည်။ တစ်နှစ် အောက် ၁.၂၃% ၊ ၅နှစ်အောက် ၆.၃၄% ၊ မူလတန်းကျောင်းသား ၇.၁၀% နှင့် အလယ်တန်း ကျောင်းသား ၈.၃၃% တွေ့ရှိရပြီး ပညာရေး အလားအလာကောင်းသော်လည်း ငွေကြေးအခက်အခဲ ကြောင့် အထက်တန်းပညာရေးအဆင့် သင်ယူရန် ခက်ခဲကြပါသည်။ အလုပ်လုပ်ကိုင်သည့်အရွယ် ၆၉.၇၉% ရှိပြီး ထိုလူဦးရေများထဲမှ အများစုမှာ ကူလီနှင့် ကျပန်းလုပ်ကိုင်စားသောက်ကြရသူများ ပါသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်တော်တို့ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူဦးရေ အသင့်အတင့်ရှိပြီး ရာသီအလိုက် ကျဘန်းနှင့် အလုပ်သမားများ ပိုမိုတွေ့ရှိရပါသည်။ တွဲဘက်စီးပွားရေး လုပ်ကိုင်သူများဖြစ်သော အိမ်ဆိုင်စီးပွားရေး၊ ပြည်တွင်းအငှားနှင့် ပြည်ပအလုပ်လုပ်ကိုင်သူများ၊ အစိုးရဝန်ထမ်းများ၊ သတ္တုတူးဖော်ရေးအလုပ်သမားများနှင့် ဆောက်လုပ်ရေးလုပ်သားများ အနည်းအကျဉ်းသာ ရှိကြောင်း တွေ့ရှိရပါသည်။

အလုပ်အကိုင်များတွင် နေ့စားလုပ်ခ ကျားအမြင့်ဆုံး (၄၀၀၀ိ/) ရရှိပြီး အနည်းဆုံးလုပ်ခမှာ (၃၀၀၀ိ/) ရရှိကာ မအမြင့်ဆုံးလုပ်ခတွင် (၃၀၀၀ိ/) ရရှိ၍ အနည်းဆုံးလုပ်ခမှာ (၂၅၀၀ိ/) ရရှိပါသည်။ လုပ်ခအနည်းငယ်ကွာခြားမှုမှာ လုပ်ငန်းအမျိုးအစား ကွာခြားခြင်းကြောင့် ဖြစ်ပါသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းတွင်လည်း ကျားအမြင့်ဆုံး(၅၀၀၀ိ/) ရရှိပြီး အနည်းဆုံး (၄၀၀၀ိ/) ရရှိသည်။ အမျိုးသမီးတစ်နေ့လုပ်ခ အမြင့်ဆုံး(၄၀၀၀ိ/) ရရှိပြီး အနည်းဆုံး (၃၀၀၀ိ/) ရရှိသည်။ လုပ်ခအနည်းငယ်ကွာခြားခြင်းမှာ လုပ်ငန်းအမျိုးအစားအလိုက် ဖြစ်ပါသည်။

အဆင်ပြေသည့် အိမ်ခြေ ၄.၆% ရှိပြီး အလယ်အလတ်ရှိ အိမ်ခြေ ၁၄.၆% ရှိကာ ဆင်းရဲ သော အိမ်ခြေစု ၇၃.၄၇% ရှိသည်။ အလွန်ဆင်းရဲသော အိမ်ခြေစုမှာ ၇၁% ရှိပါသည်။ ဆင်းရဲသော အိမ်ခြေ စု များပြားသောကြောင့် အလုပ်အကိုင်ရှားပါးပါသည်။ တောင်သူများတွင် ယာမြေဧကများ ပိုင်ဆိုင်သူ နည်းပါးပြီး အသင့်အတင့် ပိုင်ဆိုင်သူလည်း မများပြားတာ တွေ့ရပါသည်။ ယာမြေဧက အနည်းအကျဉ်းသာ ပိုင်ဆိုင်သောတောင်သူနှင့် ဆင်းရဲသားတောင်သူ များပြားပြီး မြေယာမဲ့ ကူလီ၊ ကျပန်းများ အများဆုံးတွေ့ရသောကြောင့် သီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းနည်းပြီး စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ခက်ခဲကြပါသည်။ တစ်ရွာလုံးတွင် ထွန်စက်တစ်စီးနှင့် လက်တွန်းထွန်စက်တစ်စီးသာ ရှိပါသည်။ အခြားကိုင်းသုံးရေစုပ်စက် ၆ လုံး၊ နွားစာစင်းစက် ၂ လုံးသာ ရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ကျေးရွာတွင် အဆင်ပြေ အိမ်ခြေ ၄.၆% ရှိပြီး အလယ်အလတ်ရှိ အိမ်ခြေ ၁၄.၆% ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စု ၇၃.၄၇% ရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စု များပြားသောကြောင့် အလုပ်အကိုင်ရှားပါးပါသည်။ ဆင်းရဲသော အိမ်ခြေအများစုမှာ လုပ်အားခ ကြိုတင်ငွေယူခြင်းနှင့် ချေးယူစားသောက်ကြပြီး အချိန်တိုအတွင်းသာ ဝမ်းစာဖြေရှင်းရသောကြောင့် ဝမ်းစာဖူလုံမှု နည်းကြပါသည်။ မိသားစုစောင့်ရှောက်မှု မရှိသော အသက်၆၀ နှင့်အထက် ကျားတစ်ဦး၊ မတစ်ဦးရှိပါသည်။ အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၈)အိမ်ရှိပြီး အခြားဒေသသို့ သွားရောက်လုပ်ကိုင်အိမ်ခြေ (၆)စု ရှိပါသည်။ ယခုတွေ့ရှိရသော အိမ်ထောင်စုများမှာ အလွန်ဆင်းရဲကြသော အိမ်ထောင်စုများ ဖြစ်ကြသည်။ စားနပ်ရိက္ခာမဖူလုံ၍ ဆင်းရဲကြခြင်းမှာ ကူလီနှင့် ကျပန်းလုပ်ကိုင်သူများခြင်း၊တောင်သူများ ရွှေစက်တော်အရံကြိုးဝိုင်းအတွင်း ယာမြေဧက အများစုဖြစ်

နေကြခြင်း၊ ကျောက်မီးသွေးနှင့် လမ်းခင်းကျောက်တူးဖော်ခြင်းတို့ကြောင့် သစ်တောများ ပြုန်းတီးခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် တိရစ္ဆာန်များ ကူးစက်ရောဂါများ ဖြစ်ကြသည်။ မြေယာမဲ့များ ဆင်းရဲတောင်သူနှင့် လက်လုပ်လက်စားများ၊ ကျပန်းများ အလွန်များပြားသောကြောင့် ထိခိုက်သက်ရောက်မှုများ အချိန်မရွေးကြုံတွေ့နိုင်သည်။ အချိန်မရွေး ထိခိုက်သက်ရောက်မှုများ ဖြစ်နိုင်ခြေများခြင်းမှာ ဆင်းရဲသူနှင့် အလွန်ဆင်းရဲကြသူများ များပြားခြင်းကြောင့် ဖြစ်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ဖြစ်ပွားသော ရောဂါများမှာ ငှက်ဖျားရောဂါ၊ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် တီဘီရောဂါများ အသင့်တင့်ရှိပါသည်။ တီဘီရောဂါအချို့ကို ကျေးလက်ကျန်းမာရေးဆေးခန်းမှ အခမဲ့ကုသပေးပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျွန်တော်တို့ကျေးရွာ၏ ပညာရေးနှင့် စာတတ်မြောက်မှု အခြေအနေမှာ မူလတန်းပညာသာ ပြီးဆုံးသူများပြားခြင်းကို တွေ့ရပြီး အလယ်တန်း၊ အထက်တန်းပညာရေး စာတတ်မြောက်သူများ နည်းပါးခြင်းကို တွေ့ရပါသည်။ တက္ကသိုလ်ပညာရေး ပြီးဆုံးသူဦးရေမှာ အလွန်နည်းပါးပြီး အချို့မှာ စာမတတ်ကြဘဲ ဘုန်းကြီးကျောင်းပညာရေး အချို့သာ ရှိကြခြင်းကို တွေ့ရှိရပါသည်။ တစ်ရွာလုံးရှိ လူဦးရေတွင် ပညာတတ်ဘွဲ့ရများ ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးခြင်းကို တွေ့ရပါသည်။ အများအားဖြင့် ပညာရေးစရိတ်ကြောင့် အထက်တန်းပညာရေး မသင်နိုင်ကြသူများပါသည်။ ပညာရေးအတွက် အဘက်ဘက်မှ ထောက်ပံ့မှုများ လိုအပ်နေပါသည်။

**(စ) ကျား–မရေးရာ ကိစ္စဆိုင်ရာ**

ကျွန်တော်တို့ကျေးရွာတွင် နေ့စားလုပ်ခ ကျားအမြင့်ဆုံး(၄၀၀၀ိ/) ရရှိပြီး အနည်းဆုံးလုပ်အားခမှာ (၃၀၀၀ိ/) ရရှိကြသည်။ မ အမြင့်ဆုံးလုပ်အားခမှာ (၃၀၀၀ိ/) ရရှိပြီး အနည်းဆုံးလုပ်အားခမှာ(၂၅၀၀ိ/) ရရှိပါသည်။ လုပ်အားခ အနည်းငယ်ကွာခြားခြင်းမှာ လုပ်ငန်းအမျိုးအစားကွာခြားခြင်းကြောင့်ဖြစ်သည်။ သတ္တုတူးဖော်ရေးလုပ်ငန်းတွင်လည်း ကျားအမြင့်ဆုံး(၅၀၀၀ိ/) ရရှိပြီး အနည်းဆုံး(၄၀၀၀ိ/) ရရှိသည်။ မ အမြင့်ဆုံးလုပ်အားခ (၄၀၀၀ိ/) ရရှိပြီး အနိမ့်ဆုံး(၃၀၀၀ိ/) ရရှိပါသည်။ လုပ်အားခ အနည်းငယ်ကွာခြားခြင်းမှာ လုပ်ငန်းအမျိုးအစားအလိုက် ဖြစ်ကြပါသည်။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်း ကူညီသည့်အဖွဲ့တစ်ခုသာ ရှိပြီးကျေးရွာ၏ အဖွဲ့အစည်းများ စုံစုံလင်လင်ရှိပါသည်။ ထိုအဖွဲ့အစည်းများ ပုံမှန်အစည်းအဝေးများ ပြုလုပ်ရာတွင် ကောင်းစွာပြုလုပ်နိုင်ပြီး မှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိခြင်းနှင့် အခြားအဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆောင်ရွက်ကြပါသည်။ ပညာရေးနှင့်စာတတ်မြောက်မှု အခြေအနေမှာ မူလတန်းပညာရေး ပြီးဆုံးခြင်းများသာ တွေ့ရှိရပြီး အလယ်တန်း၊ အထက်တန်းပညာရေး စာတတ်မြောက်သူ နည်းပါးခြင်းကို တွေ့ရပါသည်။ တက္ကသိုလ်ပညာရေးပြီးဆုံးသူ အလွန်နည်းပါးပြီး အချို့မှာ စာမတတ်ကြဘဲ ဘုန်းကြီးကျောင်းပညာရေး အချို့ရှိကြခြင်းကို တွေ့ရပါသည်။ တစ်ရွာလုံးရှိလူဦးရေတွင် ပညာတတ်

ဘွဲ့ရများ အလွန်နည်းပါးခြင်းကို တွေ့ရပါသည်။ အများအားဖြင့် ပညာရေးစရိတ်ကြောင့် အထက်တန်းပညာရေး မသင်နိုင်ကြသူများ ပါရှိသည်။ ပညာရေးအတွက် အဘက်ဘက်မှ အထောက်အပံ့များ လိုအပ်ပါသည်။ ကျေးရွာစီမံခန့်ခွဲရေးများတွင် အမျိုးသမီးများ ကျောင်းကော်မတီအဖွဲ့၊ မူကြိုကျောင်းကော်မတီအဖွဲ့ဝင်များတွင် တက်ကြွစွာပါဝင်နေခြင်းကို တွေ့ရှိရပြီး အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာအတွက် လူထု၏သိမြင်မှု မရှိကြပါ။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ပြင်ပအကူအညီအဖွဲ့အစည်း တစ်ခုသာရှိပြီး ကျေးရွာ၏ အဖွဲ့အစည်းများ စုံစုံလင်လင်ရှိပါသည်။ ထိုအဖွဲ့အစည်းများ ပုံမှန်အစည်းအဝေးများ ပြုလုပ်ရာတွင် ကောင်းစွာပြုလုပ်နိုင်ပြီး မှတ်တမ်းများ စနစ်တကျသိမ်းဆည်းထားရှိခြင်းနှင့် အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ကလေးပြုစုစောင့်ရှောက်ရေး မူကြိုအဖွဲ့တစ်ခုသာရှိပြီး အခြားဖွံ့ဖြိုးရေး အဖွဲ့အစည်းများ လိုအပ်နေပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာသည် **သဘာဝမိုးရေဖြင့်သာ** စိုက်ပျိုးရသောကြောင့် တောင်ယာအဓိက အားထားစိုက်ပျိုးကြပြီး ကိုင်းကျွန်းမြေ အနည်းအကျဉ်း လုပ်ကိုင်ကြသည်။ ကျေးရွာ၏ စိုက်ပျိုးပိုင်ဆိုင်မှုမြေ အလွန်နည်းပါးသည်။ တောင်ယာများသည် မိုးရေမရရှိပါက သီးနှံထုတ်လုပ်မှု မသေချာပါ။ ချောင်းများတွင် ဆည်ငယ်များ၊ တစ်ပိုင်တစ်နိုင် အဝီစိတွင်းများ ရှိမှ ရေအရင်းအမြစ်များ ရရှိနိုင်ကာ သီးနှံထုတ်လုပ်မှုများ သေချာနိုင်မည်ဖြစ်ပါသည်။ အဓိကသီးနှံမှာ မိုးနှမ်းဖြစ်ပြီး မိုးမျှော်သီးနှံဖြစ်ခြင်းကြောင့် အထွက်နှုန်းနည်းပါးသည်။ ဆောင်းသီးနှံအဖြစ် ပဲမျိုးစုံစိုက်ပျိုးကြပြီး ရာသီဥတုကောင်းလျှင် အထွက်နှုန်းသင့်ပါသည်။ သွင်းအားစနစ်မြင့်တက်နေပြီး အမြတ်အစွန်းရရှိမှု နည်းပါးသည်။ လယ်ယာသုံးထွန်စက်ကြီးတစ်စီး၊ လက်တွန်းထွန်စက်တစ်စီးသာရှိပြီး ကိုင်းသုံးရေစုပ်စက်ဇလုံး၊ အခြားနွားစာစင်းစက် ၂လုံးရှိပါသည်။ တောင်ယာမြေများ မြေဆီမြေသြဇာ အသင့်အတင့်ကောင်းမွန်ပြီး မိုးရေဖြင့်သာ စိုက်ပျိုးကြရသည်။ သဘာဝမြေဆွေးများလဲ ရရှိပါသည်။ ဓာတုပိုးသတ်ဆေးနှင့် အားဆေးများ မင်းဘူးမြို့တွင် ဝယ်ယူရရှိပြီး ချေးငွေကို စိုက်ဘဏ်တွင် ချေးယူရပါသည်။ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှု မရရှိကြပါ။ သွင်းအားစုဈေးကွက်မှာ လွယ်ကူသော်လည်း ဈေးနှုန်းများ မြင့်တက်နေပါသည်။ ထွက်ကုန်များကို မင်းဘူးဈေးကွက်သို့ ကားဖြင့်ရောင်းချပါသည်။ ယာမြေကေ အသင့်အတင့်သာ ပိုင်ဆိုင်ကြပြီး စိုက်ပျိုးမြေတိုးချဲ့နိုင်မှု မရှိပါ။ ယာမြေများ ကြိုးဝိုင်းအရံ အတွင်း ရောက်ရှိနေခြင်းကြောင့် ပုံစံ(၇) မရရှိကြသော မြေများ ရှိပါသည်။ သွင်းအားစုအတွက် စိုက်ဘဏ်ချေးငွေ အချိန်မမီပါ။ လုပ်သားရှားပါးမှုရှိပြီး သွင်းအားစု မြင့်တက်ပါသည်။ မိုးရေဖြင့်သာ စိုက်ပျိုးရပြီး ရေလုံလောက်မှု မရှိသောကြောင့် အထွက်နှုန်းနည်းပါးသည်။ သီးနှံပေါင်းစုံတွင် ဖျက်ပိုးနှင့် ရောဂါများ ကျရောက်ပါသည်။ ဈေးကွက်လက်လှမ်းမမီပြီး နည်းပညာနှင့် နည်းလမ်းအကူအညီများ လိုအပ်နေပါသည်။ ပြင်ပအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ရန် လိုအပ်နေပါသည်။ တောင်ယာလုပ်ငန်းအပြင် ခိုင်းနွား၊ တစ်ပိုင်တစ်နိုင်နွားမများနှင့် အခြားဆိတ်၊ ဝက်၊ ကြက်များ

မွေးမြူပါသည်။ တိရစ္ဆာန်များအတွက် စားကျက်မြေ အသင့်အတင့်ရှိပြီး ရေကို ချောင်းကန်များတွင် အသုံးပြုပါသည်။ သွင်းအားစုအတွက် ချေးငွေနှင့်ဆေးဝါးများ မရရှိပါ။ ဝန်ဆောင်မှုကြက်ခြေပြာ ရှိပြီး ကုန်ထုတ်ရန်ကုန်သည် မျှော်ရပါသည်။ နည်းပညာနှင့် ပံ့ပိုးမှုများ လိုအပ်ပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေးများတွင် ကူးစက်ရောဂါ အသင့်အတင့် ကျရောက်ပါသည်။ လိုင်စင်လေလံလက်လှမ်းမမီပါ။ မွေးမြူရေးအတွက် ချေးငွေအလုံအလောက် ရရှိရန် လိုအပ်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ကျောက်မီးသွေးတူးဖော်ရေး လုပ်သား၊ လက်သမား၊ ပန်းရံ၊ အလှပြင်၊ အပ်ချုပ်၊ လက်လီလက်ကားရောင်းဝယ်ရေး၊ ပို့ဆောင်ရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်များတွင် အငှားလိုက်လုပ်သားများ၊ ပြင်ပအဖွဲ့အစည်းနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်ကြသူများ အနည်းအကျဉ်း ရှိပါသည်။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားလုပ်ငန်းများတွင် အလယ်အလတ်ရှိသူများ အနည်းအကျဉ်းသာ ရှိပါသည်။ အိမ်များတွင် အငှားလိုက်လုပ်သားများ အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများတွင် လုပ်ကိုင်သူအများအပြားရှိပြီး ရပ်တည်မှု နိမ့်ကျခြင်းကို တွေ့ရပါသည်။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အလုပ်အကိုင်များ လိုအပ်နေပါသည်။ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ လက်သမား၊ ပန်းရံ၊ အပ်ချုပ်၊ ဝါးအခြေခံပစ္စည်း၊ သဘာဝမြေဩဇာ ပြုလုပ်နည်းနှင့် ကွန်ပျူတာလုပ်ငန်းများ လိုအပ်ပြီး ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ အကူအညီရရှိရန် လိုအပ်ပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာ၏ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဖြစ်သော မြေဩဇာများ ဆုတ်ယုတ်ခြင်းမှာ ဓါတုဆေးဝါးများ သုံးစွဲခြင်း၊ အပင်မျိုးစိတ်များ ဆုံးရှုံးရခြင်းမှာ သစ်ပင်ခုတ်လှဲ သုံးစွဲမှုများခြင်း၊ ဖျက်ပိုးနှင့်ရောဂါကျရောက်ခြင်းမှာ ဓါတုဆေးဝါးမသုံးတက်ခြင်း၊ ငါးမျိုးစိတ်များနှင့် အခြားတိရစ္ဆာန်များကို ရှော့တိုက်သတ်ဖြတ်ခြင်း သစ်တောပြုန်းတီးမှုများကြောင့် ဆုံးရှုံးရသည်။ ထိုအခက်အခဲများကြောင့် ပြည်တွင်းပြည်ပ နည်းပညာဗဟုသုတများကို လိုအပ်နေပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ပျိုးဘဏ်မှ ငွေချေးယူရရှိပြီး စိုက်ပျိုးစရိတ်အသုံးပြုရသည်။ ဖလအကြာတွင် ပြန်လည်ဆပ်ရပြီး အတိုးနှုန်း(၁.၈/) ဖြစ်ပါသည်။ ချေးငွေထုတ်ယူရာတွင် ပုံစံ(၇) ကေ ပိုင်ဆိုင်မှု အတိုင်းအတာဖြင့်သာ ချေးငွေအတိုင်းအတာကို ထုတ်ယူရရှိပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာ၏ကျောင်းဆောင်များတွင် ကျောင်းခန်းနှင့် ကျောင်းသားဦးရေ မမျှတ၍ ကျေးရွာမှ ယာယီအခန်းပြုလုပ် ပံ့ပိုးနေရပါသည်။ တိုက်အိမ်သာမှာလည်း နှစ်ခန်းတွဲ တစ်လုံးသာရှိပြီး ရွာမှ ယာယီအိမ်သာ ပံ့ပိုးထားသည်။ ကျောင်းသားများ၊ဆရာ/ဆရာမများအတွက် အိမ်သာမလုံလောက်

ပါ။ ကျောင်းသားအင်အားများပြီး တပည့်ဆရာအချိုးမမျှတ၍ ကျေးရွာမှ အငှားဆရာမတစ်ဦး ငှားပေးထားပါသည်။ အချို့ကျောင်းသားများ အလွန်ဆင်းရဲသောကြောင့် မူလတန်းပညာရေးတွင် ထွက်ရှိခြင်း အနည်းပါးတွေ့ရပြီး မသန်စွမ်းပညာရေး အထူးအစီအစဉ်မရှိပါ။ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ ပြည့်စုံမှုမရှိပါ။ ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှုများ ရှိသောကြောင့် အထောက်အပံ့များ လိုအပ်နေပါသည်။ အားကစားဆိုင်ရာ လက်လှမ်းမီနိုင်မှု နည်းပါး ပြီး မိဘဆရာအသင်းမှာလည်း ကလေးများ၊ ပုံမှန်ကျောင်းတက်ရေးနှင့် ဘေးကင်းလုံခြုံရေးကို ဦးစားပေးဆောင်ရွက်ပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ၁၂ လ အတွင်း ပိုလီယိုကာကွယ် ဆေးကို ၂လ-၆လ ထိုးဆေးနှင့် အစက်ချ၍ ကာကွယ်ပေးပြီး မေးခိုင်(ကိုယ်ဝန်ဆောင်ကာလ အတွင်း) ထိုပေးပြီး ဝက်သက်ရောဂါကာကွယ်ဆေးလည်း ထိုးပေးပါသည်။ ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမတစ်ဦး၊ ကြီးကြပ်(၂) တစ်ဦးရှိပြီး ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်း များလုံလောက်မရှိပါ။ ရွာသုံးရေအတွက် စက်တွင်းတစ်တွင်းရှိပါသည်။ ရေတုံကင်အများအပြား ရှိသော်လည်း ကုန်ပိုင်းဖြစ်သောကြောင့် ရေချိုမရရှိ၍ နွေတွင်သုံးရေချိုးရေ ရရှိမှုနည်းပါးပါသည်။ သောက်ရေအတွက် မန်းချောင်းကို အထူးမှီခိုရပါသည်။ မိုးတွင်းရေနောက်ချိန် ရေမကောင်းပါ။ ဆောင်းနှင့်နွေပိုင်းမှာ အလွန်ရေကောင်းချိန် ဖြစ်သော်လည်း ရွှေစက်တော်ဘုရားပွဲတော်ချိန် ဖြစ်ပြီး ရေလုံးဝ မသန့်တော့ပါ။ ကျန်းမာရေးအတွက် အိမ်သာများကို ကျန်းမာရေးဌာန၏ လမ်းညွှန်ချက်နှင့် အညီ အိမ်တိုင်းတွင် အသုံးပြုပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာ၏လူငယ်များသည် ဘာသာရေးပွဲများတွင် ကူညီလုပ်ကိုင်ကြခြင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ကျောင်း၊ ကျေးရွာသန့်ရှင်းရေးလုပ်ငန်းများ လုပ်ကိုင်ကြခြင်း၊ အိုးစည်ပတ် ဝိုင်းများနှင့် ဆွမ်းတော်တင်၊ဆီမီးကပ်၍ ရိုးရာယဉ်ကျေးမှုများအား ထိန်းသိမ်းကြသည်။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

သယ်ယူပို့ဆောင်ရေးမှာ တောင်ယာများတွင် နွားလှည်း၊ ခရီးသွားရာတွင် ကားနှင့် မော်တော်ဆိုင်ကယ်များ အသုံးပြုကြသသည်။ ယာထွက်သီးနှံများ၊ အခြားကုန်များကို ကားကြီးများဖြင့် သယ်ယူပို့ဆောင်ရောင်းချကြသည်။ လျှပ်စစ်မီးမရရှိပါ။ ဆင်းရဲသူများပြားပြီး ဆိုလာသေးသေးများသာ အချို့အသုံးပြုနိုင်ကြသည်။ ဒီဇယ်အင်ဂျင်အိမ်သုံးအသေး အနည်းငယ်သာ ရှိပြီး အချို့အိမ်များတွင် ဘက်ထရီအလင်းတိုင်များ အများဆုံးသုံးစွဲကြခြင်းကို တွေ့ရသည်။ ဆက်သွယ်ရေးကို ဖုန်းများအသုံးပြုကြပြီး သတင်းအချက်အလက်များကို ရေဒီယို၊ တီဗွီ၊ ဗြိုလ်တု၊ စလောင်းများ အသုံးပြုရန် အသင့်အတင့်ရှိသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာသည် ရဲစခန်းနှင့် မဝေးခြင်း၊ ဖုန်းအဆက်အသွယ်ရရှိခြင်းတို့ကြောင့် ဘေးကင်းလုံခြုံမှု ရှိပါသည်။ လူကုန်ကူးမှုများ၊ ခိုးယူမှုများ၊ မူးရစ်ဆေးသုံးစွဲသူများနှင့် အကြမ်းဖက်မှုများ မရှိပါ။ ဘေးကင်းလုံခြုံမှု ရှိပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေနေများ

ယာမြေများတွင် မြေဆီမြေသြဇာ အသင့်အတင့်ကောင်းမွန်ပြီး မိုးရေဖြင့်သာ စိုက်ပျိုးကြရသည်။ သဘာဝမြေဆွေးများလည်း ရရှိပါသည်။ ဓါတုပိုးသတ်ဆေးနှင့် အားဆေးများကို မင်းဘူးမြို့တွင် ဝယ်ယူရရှိပြီး ချေးငွေကို စိုက်ဘဏ်တွင် ချေးယူရပါသည်။ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ မရရှိကြပါ။ သွင်းအားစုဈေးကွက်မှာ လွယ်ကူသော်လဲ ဈေးနှုန်းများ မြင့်တက်နေပါသည်။ ထွက်ကုန်များကို မင်းဘူးဈေးကွက်သို့ ကားဖြင့် ရောင်းချပါသည်။ စိုက်ပျိုးမြေများ တိုးချဲ့နိုင်မှု မရှိပါ။ စိုက်ပျိုးယာမြေအချို့မှာ အရဲကြိုးဝိုင်းအတွင်း ကျရောက်နေသော ယာမြေများလဲ ရှိပါသည်။ အချို့ယာမြေများ ပုံစံ(၇) မရရှိကြသေးပါ။ စိုက်ပျိုးသွင်းအားစုများအတွက် စိုက်ဘဏ်ချေးငွေ အချိန်မမီပါ။ လုပ်သားများလဲ ရှားပါးမှုရှိပါသည်။ မိုးရေဖြင့် စိုက်ပျိုးရပြီး လုံလောက်မှု မရှိသောကြောင့် သီးနှံအထွက်နှုန်းနည်းပါသည်။ သီးနှံပေါင်းစုံတွင် ဖျက်ပိုးနှင့် ရောဂါများကျရောက်ပါသည်။ ဈေးကွက်လက်လှမ်းမီမှု ရရှိပြီး နည်းပညာနှင့် နည်းလမ်း အကူအညီများ လိုအပ်နေပါသည်။ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ တိရစ္ဆာန်များအတွက် စားကျက်မြေ အသင့်အတင့်ရှိပြီး ရေကို ချောင်းကန်များတွင် အသုံးပြုပါသည်။ သွင်းအားစုအတွက် ချေးငွေနှင့်ဆေးဝါးများ မရရှိပါ။ ဝန်ဆောင်မှုကြက်ခြေပြာရှိပြီး ကုန်ထုတ်ရန် ကုန်သည်မျှော်ရပါသည်။ တနိုင်တပိုင်မွေးမြူရေးများတွင် ကူးစက်ရောဂါ အသင့်အတင့် ရှိပါသည်။ လိုင်စင်လေလံ လက်လှမ်းမီမှု မရှိပါ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သည့် စက်ပြင်၊ ဆိုင်ကယ်ပြင်၊ လက်သမား၊ ပန်းရံ၊ အပ်ချုပ်၊ ဝါးအခြေခံပစ္စည်း၊ သဘာဝမြေသြဇာပြုလုပ်နည်း သင်တန်းများ လိုအပ်နေပါသည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာ၏ယာမြေများ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်း စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု မရှိပါ။ စိုက်ပျိုးသော ယာမြေများမှာ ကြိုးဝိုင်းအရဲအတွင်း ကျရောက်သော ယာမြေများလဲ ရှိပါသည်။ ထိုယာမြေများ ပုံစံ(၇)များ မရရှိကြသေးပါ။ စိုက်ပျိုးသွင်းအားစုများ အတွက် စိုက်ဘဏ်မှ ချေးငွေကို အချိန်မီမရရှိပါ။ လုပ်သားရှားပါးမှုများလဲ ရှိပါသည်။ မိုးရေဖြင့် စိုက်ပျိုးရပြီး လုံလောက်မှု မရှိသောကြောင့် သီးနှံအထွက်နှုန်း နည်းပါးသည်။ ဈေးကွက်လက်လှမ်းမီပြီး နည်းပညာ၊နည်းလမ်းများ လိုအပ်နေသောကြောင့် ပြင်ပအဖွဲ့အစည်းများ နှင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျေးရွာလူထုသည် ကုန်ထုတ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ အသက်မွေးသင်တန်းရရှိခြင်းမှ တဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က.၂) ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျေးရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏စွမ်းဆောင်ရည် မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှု ပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ် ၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်ရမည့် ဦးစားပေး

လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲနိုင်မှုမရှိပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာ နိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာမြောက်မှု ဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများ အလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်း ဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုပါသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင် –

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်များ–

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| <u>ပညာရေးကဏ္ဍ</u> | • <u>ပညာရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်ခြင်း</u> | ၇၉ | ၃ | • အလယ်တန်းကျောင်းခွဲ ဖြစ်သောကြောင့် ကျောင်းသားအင်အား နှင့်ကိုက်ညီသော ကျောင်းဆောင်ရရှိရန် ဆောင်ရွက်ခြင်း<br>• ကျောင်းကော်မတီမှ ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ရန်ပုံငွေကောက်ခံခြင်း<br>• ပြင်ပအဖွဲ့အစည်းများ နှင့်ချိတ်ဆက်ခြင်း<br>• ကျောင်းဆောင်သစ်ရရှိ ရန်ဆောင်ရွက်ခြင်း | |
| <u>ရေကောင်းရေးသန့် ရရှိရေးကဏ္ဍ</u> | ရေကောင်းရေသန့်ရရှိရန် ဆောင်ရွက်ခြင်း | ၇၅ | ၄ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနနှင့် ချိတ်ဆက်ခြင်း၊ ပြင်ပအဖွဲ့အစည်း များဖြင့်ချိတ်ဆက်ခြင်း<br>• ရေရရှိအောင်ဆောင်ရွက် ခြင်း | |
| <u>မီးလင်းရေးကဏ္ဍ</u> | ကျေးရွာရှိ အိမ်ထောင်စုတိုင်း မီးလင်းစေရန် ဆောင်ရွက်ခြင်း | ၉၀ | ၁ | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကူအညီတောင်းခံ၍ ပြင်ပအဖွဲ့အစည်း များ ဖြင့်ချိတ်ဆက်ခြင်း<br>• မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍ မီးလင်းအောင်ဆောင်ရွက်ခြင်း | |
| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |

| | | | | | |
|---|---|---|---|---|---|
| **စိုက်ပျိုးရေးကဏ္ဍ** | **စိုက်ပျိုးရေးနည်းပညာတိုးတက် စေရေး** | ၅၇ | ၅ | • စိုက်ပျိုးရေးဦးစီးဌာနမှ အကူအညီတောင်းခံခြင်း<br>• ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်ခြင်း<br>• စိုက်ပျိုးရေးနည်းပညာ ဗဟုသုတရအောင် ဆောင်ရွက်ခြင်း | |
| **ကျန်းမာရေးကဏ္ဍ** | **ကျန်းမာရေးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း** | ၄၀ | ၂ | • ကျန်းမာရေး ဆေးပေး ခန်းရရှိအောင် ဆောင်ရွက်ခြင်း<br>• ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ရန် ကော်မတီဖွဲ့စည်းခြင်း<br>• ကျန်းမာရေးဦးစီးဌာန နှင့်ချိတ်ဆက်တင်ပြခြင်းပြင်ပအဖွဲ့အစည်းများဖြင့် ကျန်းမာရေး ဟောပြောပွဲများ ကျင်းပခြင်း | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာရှိ အိမ်ထောင်စုတိုင်း မီးလင်းစေရန် ဆောင်ရွက်ခြင်း | ၁ | ✓ | ✓ | ✓ | – | ✓ |
| ၂ | ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက်စေရန် | ၂ | – | – | ✓ | ✓ | ✓ |
| ၃ | ပညာရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်ခြင်း | ၃ | ✓ | ✓ | ✓ | – | – |
| ၄ | ရေကောင်းရေသန့်ရရှိရေး | ၄ | – | – | ✓ | ✓ | ✓ |
| ၅ | စိုက်ပျိုးရေးနည်းပညာဆိုင်ရာ တိုးတက်ရေး | ၅ | – | – | – | ✓ | ✓ |

**၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်သိန်း) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း အသုံးစရိတ် | စွမ်းဆောင်ရည် မြှင့်တင်ရေး | |
| ၁ | ကျေးရွာရှိ အိမ်ထောင်စုတိုင်း မီးလင်းစေရန် ဆောင်ရွက်ခြင်း | ၃၀၀ | ၁ | ၂၇၉ | ၁၀ | ၁၀ |
| ၂ | ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက်စေရန် | ၂၀၀ | ၂ | ၁၉၃ | ၃ | ၂ |
| ၃ | ပညာရေးကဏ္ဍတိုးတက် အောင် ဆောင်ရွက်ခြင်း | ၃၀၀ | ၃ | ၂၉၇ | - | - |
| ၄ | ရေကောင်းရေသန့်ရရှိရေး | ၁၀၀ | ၃ | ၉၇ | - | - |
| ၅ | စိုက်ပျိုးရေးနည်းပညာဆိုင်ရာ တိုးတက်ရေး | ၁၀၀ | ၃ | ၈၀ | - | - |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင် ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်

အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်နှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ဥခွဲအားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်း

အလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများဖြစ်သည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းများလက်ကျန်၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်

မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများ ကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ (၁)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၅ | ၈ | ၁၃ | ၁.၂၃ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၃၀ | ၃၇ | ၆၇ | ၆.၃၄ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၃၈ | ၃၇ | ၇၅ | ၇.၁၀ |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၄၀ | ၄၈ | ၈၈ | ၈.၃၃ |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၅၀ | ၃၈၇ | ၇၃၇ | ၆၉.၇၉ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၂ | ၄၄ | ၇၆ | ၇.၁၉ |
| **စုစုပေါင်း လူဦးရေ** | ၇၂၈ | ၄၉၅ | ၅၆၁ | ၁၀၅၆ | ၁၀၀ |
| **စုစုပေါင်း အိမ်ထောင်စု** | ၁၈၀ | တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၄ ဦး | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု(၂၇၉)စုရှိပြီး လူဦးရေပေါင်း ၁၀၅၆ဦး ရှိပါသည်။ ရာခိုင်နှုန်းအားဖြင့် ၁၀၀%ခန့် ရှိသော်လည်း တစ်အိမ်ထောင်စု ပျမ်းမျှလူဦးရေမှာ ၁နှစ်အောက် ၁.၂၃%၊ ၅နှစ်အောက် ၆.၃၄%၊ မူလတန်းကျောင်းသား ၇.၁၀% နှင့် အလယ်တန်းကျောင်းသား ၈.၃၃% တွေ့ရှိရပြီး ပညာရေးအလားအလာ ကောင်းသော်လည်း ငွေကြေးအခက်အခဲကြောင့် အထက်တန်းပညာရေးအဆင့် သင်ယူရန် ခက်ခဲကြသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ၆၈.၇၉% ရှိပြီး ထိုလူဦးရေများထဲမှ အများစုမှာ ကူလီနှင့် ကျပန်းလုပ်ကိုင်သူများပါသည်။

(၁.၂)  အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၀ | ၃၉.၄၂ | ၂၆၆ | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | - | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၁.၄၃ | ၉ | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | ၁ | လက်သမား |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | ၄ | ရန်ကုန်အထည်ချုပ် လုပ်ကိုင် |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ၁၇ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၅ | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၂.၈၆ | ၈ | ၁၀ | ကား၊သုံးဘီး |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၃၅ | ၁ | ၄ | ကားအငှားမောင်း |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၃၅ | ၁ | ၄ | သစ်တော၊မြေစာရင်း၊စာရေး၊ ကျေးလက်၊စိုက်ပျိုးရေး |
| ၁၆ | ပညာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၀.၇၁ | ၂ | ၇ | ကျောင်းဆရာ/ဆရာမ |
| ၁၇ | ကျန်းမာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၂ | စစ်ဆေးဗိုလ်၊ ကျန်းမာရေးဝန်ထမ်း |
| ၁၈ | လူမှုရေး လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | | |
| ၁၉ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၄၇ | ၅၂.၆၈ | ၃၃၇ | ၁ | |
| ၂၀ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | ၅ | ထိုင်းစက်ရုံ၊ ကုမ္ပဏီဝန်ထမ်းများ |
| | စုစုပေါင်း | ၂၇၃ | ၉၇.၈ | ၆၂၀ | ၅၉ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သော လူဦးရေ အများအပြားရှိပါသည်။ ရာသီအလိုက် အလုပ်သမားနှင့် ကျပန်းအလုပ်သမားများ ပိုမိုတွေ့ရှိရပါသည်။ တွဲဖက်စီးပွားရေးလုပ်ကိုင်သူများဖြစ်သော အိမ်ဆိုင်စီးပွားရေး၊ ပြည်တွင်းအငှားနှင့် ပြည်ပအလုပ်လုပ်ကိုင်သူများ၊ အစိုးရဝန်ထမ်းများ၊ သတ္တုတူးဖော်ရေးအလုပ်သမားများ နှင့် ဆောက်လုပ်ရေးလုပ်သားများ အနည်းငယ်သာ ရှိကြောင်းတွေ့ရှိရပါသည်။

(၁.၂.၂)　　လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | – | – | – | – | – |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | – | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – | – |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | – | – | – | – | – |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | – | – | – | – | – |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | – | – | – | – | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | – | – | – | – |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | – | – | – | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် နေ့စားလုပ်ခ ကျားအမြင့်ဆုံး(၄၀၀၀ဝိ/-) ရရှိပြီး အနည်းဆုံးလုပ်ခမှာ (၃၀၀၀ဝိ/-)ရရှိပြီး မအမြင့်ဆုံးလုပ်ခ(၃၀၀၀ဝိ/-)ရရှိပြီး အနည်းဆုံးလုပ်ခမှာ (၂၅၀၀ဝိ/-)ရရှိပါသည်။ လုပ်ခအနည်းငယ်ကွာခြားမှုမှာ လုပ်ငန်းအမျိုးအစားနှင့် ကွာခြားသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းတွင်လည်း ကျား အမြင့်ဆုံး(၅၀၀၀ဝိ/-)၊ အနည်းဆုံး(၄၀၀၀ဝိ/-)ရရှိပြီး အမျိုးသးမီး တစ်နေ့လုပ်ခ အမြင့်ဆုံး(၄၀၀၀ဝိ/-)၊ အနိမ့်ဆုံး(၃၀၀၀ဝိ/-)ရရှိပါသည်။ လုပ်ခအနည်းငယ် ကွာဟမှုမှာ လုပ်ငန်းအမျိုးအစားအလိုက် ဖြစ်ပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | | | | |
| ယာမြေ /တောင်ယာ | ၆၃၁ | သင့် | | မိုးကူ |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | ၆၆ | သင့် | - | မိုးကူ |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| အခြား | - | - | - | - |
| စုစုပေါင်း | ၆၉၇ | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် သဘာဝမိုးရေဖြင့်သာ စိုက်ပျိုးရသော ရွာဖြစ်ပါသည်။ တောင်ယာအဓိကစိုက်ပျိုးပြီး ကိုင်းကျွန်းမြေ အနည်းငယ်လုပ်ကိုင်ပါသည်။ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုမှာ အလွန်နည်းပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | – | – |
| အခြား ရင်းမြစ်များ | – | – |
| အခြားသဘာဝ ရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ဝန်းကျင်တွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရရှိပြီး လက်လှမ်းမီနိုင်မှု ခက်ခဲပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ် ရရှိသော်လည်း သစ်တောပြုန်းတီးမှုကြောင့် သဘာဝမျိုးစိတ်များ ပျောက်ကွယ်နိုင်ပါသည်။ သဘာဝအပင်မျိုးစိတ် (နွားစာ၊ဆေးဘက်ဝင်အပင်များ) အနည်းငယ်ရှိပြီး လက်လှမ်းမီနိုင်မှု ခက်ပါသည်။ နွားစာများ အနည်းငယ်ရရှိပြီး စားကျက်နေရာ ကျင်း၍ ခက်ခဲပါသည်။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကမှ | ၅ဧကမှ | ၁ ဧကမှ ၄ဧက | – |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိ သောအိမ်ထောင် စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| | ၁၅ကေကြား | ၉ကေကြား | | |
| အိမ်အခြေအနေ | လေးပင်သွပ်မိုး | လေးပင်သွပ်မိုး | သုံးပင်သွပ်မိုး | သုံးပင်ဓနိမိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ရေစုပ်စက်၊ ပဲခြွေလှေ့စက် | ရေစုပ်စက်၊ ပဲခြွေလှေ့စက် | ဝါး၊တံစဥ်၊ ပေါက်ပြား | ဝါး၊တံစဥ်၊ ပေါက်ပြား |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ TV၊ PSI၊ဖုန်း၊မီးစက် | ဆိုင်ကယ်၊TV၊ ဖုန်း၊သုံးဘီး၊ ဆိုလာ | ဆိုင်ကယ်၊TV၊ ဆိုလာ | ဆိုင်ကယ်၊TV၊ ဆိုလာ |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | ကူလီ | ကူလီ |
| အခြားပိုင်ဆိုင်မှု | - | - | - | - |
| အိမ်ထောင်စု - | ၁၃( ၄.၆%) | ၄၁( ၁၄.၆%) | ၂၀၅(၇၃.၄၇ %) | ၂၀(၇.၁ %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ (၄.၆%) ရှိပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၁၄.၆%)ရှိပြီး ဆင်းရဲသောအိမ်ထောင်စုမှာ (၇၃.၄၇%)နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ (၇.၁%) ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စု များပြားသောလာသောကြောင့် အလုပ်အကိုင်ရှားပါးပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနေ အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | - | - | - |
| ၃ လနှင့် ၆လအောက် | ၆၂ | ၉၃.၉၃ | လုပ်အားခကြိုငွေယူခြင်းနှင့်ချေးယူစားခြင်း |
| ၆ လ မှ ၁၂ လ အထိ | ၆ | ၉.၀၉ | လုပ်အားခကြိုငွေယူခြင်းနှင့်ချေးယူစားခြင်း |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ခြေအများစုမှာ လုပ်အားခကြိုတင်ငွေယူခြင်းနှင့် ချေးယူစားသောက်ကြပြီး အချိန်တိုအတွင်းသာ ဝမ်းစာဖြေရှင်းရသောကြောင့် ဝမ်းစာဖူလုံမှု အလွန်နည်းပါးကြပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁ | ၁ | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၆ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော အသက်(၆၀)နှစ်အထက် ကျား ၁ဦး၊ မ ၁ဦး ရှိပါသည်။ ဆင်းရဲသည့်လူဦးရေ များပြီး အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၈)အိမ် ရှိပြီး အခြားဒေသသို့ သွားရောက်နေထိုင်လုပ်ကိုင်သူ (၆)အိမ်ထောင် ရှိပါသည်။ ယခုတွေ့ရှိသော အိမ်ထောင်စုများသည် အလွန်ဆင်းရဲကြပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် | လက်လုပ်လက်စားများ၍ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် | မြေဆီလွှာညံ့၊ကြိုးဝိုင်းအရဲအတွင်း |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၃ | ရေကြီးခြင်း | လတ် | ရာသီဥတုနှင့်သက်ဆိုင်ခြင်း |
| ၄ | မိုးခေါင်ခြင်း | မြင့် | |
| ၅ | အအေးလွန်ကဲခြင်း | - | - |
| ၆ | မုန်တိုင်း | - | - |
| ၇ | လျှော | - | - |
| ၈ | မီးဘေး | နိမ့် | တောနှင့်နီးခြင်း |
| ၉ | ဆားငန်ရေဝင်မြေ | - | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | လတ် | ဓါတုဆေးဝါးများသုံးစွဲခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သတ္တုအလွန်အကျွံတူးဖော်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ကျန်းမာရေးလုပ်သားအသင့်အတင့်ရှိ |
| ၁၃ | တီဘီရောဂါ | နိမ့် | ကျန်းမာရေးလုပ်သားအသင့်အတင့်ရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် | မိုးအလွန်အကျွံရွာခြင်း၊ နေပူရှိန်မြင့်ခြင်း |
| ၁၇ | လူကုန်ကူးခြင်း | - | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | - | - |
| ၁၉ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေမှာ စားနပ်ရိက္ခာဖူလုံမှု မြင့်တက်ခြင်း၊ ကူလီနှင့်ကျပန်းလုပ်ကိုင်သူများခြင်း၊ သဘာဝစိုက်ပျိုးမြေရှားပါးခြင်း၊ အရံကြိုးဝိုင်းအတွင်း ကျရောက်နေခြင်း၊ သစ်တောပြုန်းတီးမှု မြင့်တက်ခြင်း၊ ကျေးရွာအနီး ကျောက်မီးသွေးတူးဖော်ခြင်း၊ လမ်းခင်းကျောက်များတူးဖော်ခြင်း တို့ကြောင့် ဖြစ်ပြီး တိရစ္ဆာန်ကူးစက်ရောဂါ မြင့်တက်ခြင်းမှာ ရာသီဥတုဆိုးရွားခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၁.၅.၄)	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | - | - |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | - | - |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | - | - |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများေ ော နေရာ (Prone to accident) တွင် နေထိုင်သူများ | - | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြော င်းခံရသူများ (IDP) | - | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | - | - |
| ၉ | ငါးကန်ပိုင်ရှင် | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | - |
| ၁၁ | လူနည်းစုလူမျိုးများ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | - | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | - |
| ၁၄ | ရွှေတွင်းလုပ်သား | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | - | - |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | - | - |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | - | - |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂၀ | ကားသမား | လတ် | - |
| ၂၁ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မြေယာမဲ့ဆင်းရဲတောင်သူနှင့် လက်လုပ်လက်စားများ၊ ကျပန်းများ အလွန်များပြားသောကြောင့် အလုပ်အကိုင်များလိုအပ်သော ထိခိုက်သက်ရောက်မှုများ ကြုံတွေ့နေရသည်။ ကျွန်တော်တို့ကျေးရွာ၏ အိမ်ခြေထက်ဝက်ကျော်နှင့် လူဦးရေ ထက်ဝက်ကျော်မှာ ဆင်းရဲသူများနှင့် အလွန်ဆင်းရဲသူများဖြစ်ကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | Save the Children | ၂ | ၁၅ | ၁၀ | ၂၅ | ကြီးကြပ်လုပ် ဆောင်ခြင်း | | |
| ၂ | သမဝါယမ | ၃ | ၇ | - | ၇ | ငွေစုဆောင်းခြင်း | | |
| ၃ | ကျောင်းအကျိုး ဆောင် | ၁ | ၇ | ၃ | ၁၀ | ပညာရေး စောင့်ရှောက် | | |
| ၄ | လူငယ်ပရဟိတ | ၂ | ၁၅ | ၂၀ | ၃၅ | ကူညီပေးခြင်း | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း
အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ
(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။
(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။
(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ပြင်ပအကူအညီအဖွဲ့အစည်းတစ်ခုသာရှိပြီး ကျေးရွာအဖွဲ့အစည်းများစုံစုံလင်လင်ရှိပါသည်။ ထိုအဖွဲ့အစည်းများ ပုံမှန်အစည်းအဝေးများ ပြုလုပ်ရာတွင် ကောင်းစွာပြုလုပ်နိုင်ပြီး မှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိခြင်းနှင့် အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ကြပါသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Save the Children | ကလေးစောင့်ရှောက်ခြင်း | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။
(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊

အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေသော ပြင်ပ အဖွဲ့အစည်းတစ်ဖွဲ့သာ ရှိပါသည်။ အခြားဖွံ့ဖြိုးရေးအဖွဲ့အစည်းများ လိုအပ်ပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၀ | ၂၅.၁၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၈၀ | ၂၈.၆၇ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၇၅ | ၂၆.၈၈ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၄၁ | ၁၄.၆၉ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၁၃ | ၄.၆၅ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၂၇၉ | ၁၀၀ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် ယာမြေဧကများပိုင်ဆိုင်သူ နည်းပါးပြီး အသင့်အတင့်ပိုင်ဆိုင်သူလဲ မများပြားတာကို တွေ့ရှိရပါသည်။ အနည်းအကျဉ်းသာ ပိုင်ဆိုင်သော တောင်သူငယ်နှင့် ဆင်းရဲသော တောင်သူ များပြားပါသည်။ မြေယာမဲ့များလဲ များပြားပါသည်။ ထို့ကြောင့် သီးနှံထုတ်လုပ်ရာတွင် အထွက်နှုန်းနည်းပြီး စီးပွားရေးနှင့် အသက်မွေးမှုခြေနေ ခက်ခဲပါသည်။

(၂.၂.၁.၂)　　အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ/ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | ၂၈၇ | ရာသီအလိုက် | မရှိ |
| ၂ | ရေလွှဲဆည် | - | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - | - |
| ၄ | အဝီစိတွင်း | - | - | - | - |
| ၅ | လက်ငင် ရေတွင်း | - | - | - | - |
| ၆ | စိမ့်စမ်းရေ | - | - | - | - |
| ၇ | ချောင်းရေ | - | - | - | - |
| ၈ | အခြား(မိုးရေ) | သဘာဝ | ၆၉၇ | ရာသီအလိုက် | မရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။　　　။ ကျွန်တော်တို့ကျေးရွာ၏ ရေအရင်းအမြစ်များမှာ သဘာဝမိုးရေဖြင့် စိုက်ပျိုးရသော ယာမြေများ ဖြစ်ပါသည်။ မိုးမရွာပါက ရေမရရှိပါ။ ချောင်း၊ ဆည်ငယ်များ၊ တနိုင်တပိုင် အဝီစိတွင်းများ ရှိမှ ရေအရင်းအမြစ်များ ရရှိမှာဖြစ်ပါသည်။

(၂.၂.၁.၃)　အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုး သည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူ နစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုး သည့်ကာလ | | သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု(နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| နှမ်း | ၁ | တင်း | ၃ | ၈ | ၆ | မေ | ဩဂုတ် | မြင့် | နိမ့် | |
| ပဲ | ၁ | တင်း | ၅ | ၁၀ | ၈ | စက်တင်ဘာ | ဒီဇင်ဘာ | မြင့် | နိမ့် | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာ၏ အဓိကသီးနှံမှာ မိုးနှမ်းဖြစ်ပြီး မိုးမျှော်သီးနှံဖြစ်သောကြောင့် အထွက်နှုန်းနည်းပါသည်။ ဆောင်းသီးနှံ ပဲ ကို စိုက်ပျိုးကြပြီး ရာသီဥတုကောင်းမှ အထွက်နှုန်းသင့်ပါသည်။ သွင်းအားစုများ မြင့်တက်နေပြီး အမြတ်အစွန်းရရှိမှု နည်းပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၁ | – | – | – | – | – | |
| လက်တွန်းထွန်စက် | ၁ | – | – | – | – | – | |
| အစေ့ချ ကိရိယာ | – | – | – | – | – | – | |
| ရိတ်သိမ်းခြွေလှေ့စက် | – | – | – | – | – | – | |
| ရိတ်သိမ်းစက် | – | – | – | – | – | – | |
| ခြွေလှေ့စက် | – | – | – | – | – | – | |
| ရေစုပ်စက် | ၆ | – | – | – | – | – | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | |
| မြက်ရိတ်စက် | - | - | - | - | - | - | |
| အခြား(နွားစာစဉ်းစက်) | ၂ | - | - | - | - | - | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ထွန်စက်တစ်စီးနှင့် လက်တွန်းထွန်စက်တစ်စီးသာ ရှိပြီး ကိုင်းသုံးရေစုပ်စက် ၆လုံး၊ အခြားနွားစာစဉ်းစက် ၂လုံး ရှိပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှုမြေဆီသြဇာ) | အသင့်အတင့် |
| ရေရင်းမြစ် | မိုးရေ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာ | နွားချေး၊ ဆိတ်ချေး၊ အခြားမြေဆွေးများ |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | အော်ဂဲနစ်၊ ဓါတုပိုးသတ်ဆေးများကို မင်းဘူးမြို့နှင့် စကုမြို့များတွင် ဝယ်ယူရရှိပါသည်။ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ | လယ်ယာစိုက်ဘဏ်တွင် ချေးယူပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | - |
| သွင်းအားစုဈေးကွက် | လက်လှမ်းမီမှုရှိပါသည် |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မင်းဘူးဈေးကွက်သို့ ကားဖြင့် တင်ပို့ပါသည် |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာသည် ယာမြေဆီ မြေသြဇာ အသင့်အတင့် ကောင်းမွန်ပြီး မိုးရေဖြင့်သာ စိုက်ပျိုးကြရသည်။ သဘာဝမြေဆွေးများလဲ ရရှိပါသည်။ ဓါတုပိုးသတ်ဆေးနှင့် အားဆေးများ မင်းဘူးမြို့တွင် ဝယ်ယူရရှိပြီး ချေးငွေကို စိုက်ဘဏ်တွင် ချေးယူရပါသည်။ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှု မရရှိပါ။ သွင်းအားစုဈေးကွက်မှာ လွယ်ကူသော်လည်း ဈေးနှုန်းများ မြင့်တက်နေပါသည်။ ထွက်ကုန်များကို မင်းဘူးဈေးကွက်သို့ ကားဖြင့် ရောင်းချပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | **စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု မရှိပါ** |
| မြေဆီသြဇာ အခြေအနေ | **အသင့်အတင့် ရရှိပါသည်** |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | **စိုက်ဘဏ်မှ ချေးငွေ ရရှိမှု နောက်ကျပြီး ချေးငွေနည်းပါသည်** |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | **မရှိပါ** |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | **လုပ်သားကျွမ်းကျင်မှုနှင့် နည်းပညာ မရှိပါ** |
| ရေရင်းမြစ်များ ရရှိနိုင်မှု | **မိုးရေဖြင့် စိုက်ပျိုးရသောကြောင့် သီးနှံအထွက်နည်းပါသည်** |
| စိုက်ပျိုးရေ မလုံလောက်မှု | **လုံလောက်မှု မရှိပါ** |
| ဖျက်ပိုးနှင့် ရောဂါ | **သီးနှံပေါင်းစုံတွင် ဖျက်ပိုးနှင့် ရောဂါစုံ ကျရောက်သည်** |
| ဈေးကွက် လက်လှမ်းမီမှု | **လက်လှမ်းမီမှု အသင့်အတင့် ရှိပါသည်** |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | **နည်းပညာ အကူအညီနှင့် နည်းလမ်းများမရရှိပါ** |
| **အခြား** | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မြေဆီလွှာအသင့်အတင့် ကောင်းမွန်သော်လဲ စိုက်ပျိုးမြေတိုးချဲ့နိုင်မှု မရှိပါ။ စိုက်ပျိုးသောယာမြေများမှာ ကြိုးဝိုင်းအရံအတွင်း ကျရောက်သော ယာမြေများလဲ ရှိပါသည်။ ထိုယာမြေများမှာ ပုံစံ (၇) များ မရရှိကြသေးပါ။ စိုက်ပျိုးသွင်းအားစုအတွက် စိုက်ဘဏ်ချေးငွေ အချိန်မမီပါ။ လုပ်သားရှားပါးမှု ရှိပါသည်။ မိုးရေဖြင့် စိုက်ပျိုးရသောကြောင့် သီးနှံအထွက်နှုန်း နည်းပါသည်။ သီးနှံပေါင်းစုံတွင် ဖျက်ပိုးနှင့် ရောဂါများ ကျရောက်

ပါသည်။ ဈေးကွက်လက်လှမ်းမီမှု ရရှိပြီး နည်းပညာနှင့် နည်းလမ်းအကူအညီများ လိုအပ်ပါသည်။ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| **ခိုင်းနွား** | ၇၉ | ၂၁၆ | - |
| **နို့စားနွား** | - | - | - |
| **မြင်း** | - | - | - |
| **ကျွဲ** | - | - | - |
| မြည်း | - | - | - |
| လား | - | - | - |
| ဆိတ် | ၈ | ၁၂၆ | - |
| သိုး | - | - | |
| ဝက် | ၆၂ | ၆၉ | - |
| ကြက် | ၁၆၉ | ၁၄၄၅ | - |
| ဘဲ | - | - | - |
| နွားနောက် | - | - | - |
| အခြား | - | - | - |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | - |
| ပုဇွန်ကန် | - | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | - |
| အခြား | - | - | - |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာ ယာမြေလုပ်ငန်းတွင် ခိုင်းနွား၊ တနိုင်တပိုင် နွားမများနှင့် အခြား ဆိတ်၊ ဝက်၊ ကြက်များ မွေးမြူကြပါသည်။**

**(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | **အသင့်အတင့် ရှိပါသည်** |
| **ရေရရှိမှု** | **ချောင်း၊ ကန်** |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | – |
| ချေးငွေ | **ချေးငွေရရှိမှု မရှိပါ** |
| သွင်းအားစု ဈေးကွက် | **သွင်းအားစုဆေးဝါး** |
| ဝန်ဆောင်မှု ဈေးကွက် | **ဝန်ဆောင်မှု ကြက်ခြေပြာ** |
| ထုတ်ကုန် ရောင်းဝယ်မှု | **မင်းဘူး (စကု) ကုန်သည် မှော်ရောင်းရသည်** |
| **အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု** | **အနည်းငယ်ရှိပါသည်** |
| **အခြား** | – |
| **ငါးလုပ်ငန်း** | |
| **ငါး/ပုစွန်သားပေါက် လက်လှမ်းမီမှု** | – |
| **ချေးငွေ** | **ချေးငွေရရှိမှု နေရာများနှင့် ချိတ်ဆက်မှု မရှိပါ** |
| **သွင်းအားစု လက်လှမ်းမီမှု** | – |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | **မရရှိပါ** |
| ထုတ်ကုန် ရောင်းဝယ်မှု | **မင်းဘူးကုန်သည် မှော်ရသည်** |
| **အခြား** | – |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် တိရစ္ဆာန်များအတွက် စားကျက်မြေ အသင့်အတင့်ရှိပြီး ရေကို ချောင်းကန်များတွင် အသုံးပြုပါသည်။ သွင်းအားစုအတွက် ချေးငွေနှင့် ဆေးဝါးများ မရရှိပါ။ ဝန်ဆောင်မှုမှာ ကြက်ခြေပြာရှိပြီး ကုန်ထုတ်ရန် ကုန်သည်မှော်ရသည်။ နည်းပညာနှင့် ပံ့ပိုးမှုများ လိုအပ်ပါသည်။**

**(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကူးစက်ရောဂါ အသင့်အတင့် ကျရောက်ပါသည် |
| နည်းပညာ အကူအညီနှင့် | နည်းပညာအကူအညီနှင့် နည်းလမ်းများ လိုအပ်ပါသည် |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| နည်းလမ်းများ | |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | မရှိပါ |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | – |
| ဈေးငွေ ရရှိနိုင်မှု | ဈေးငွေရရှိမှု လိုအပ်ပါသည် |
| အခြား | – |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာ၏ တနိုင်တပိုင် မွေးမြူရေးများတွင် ကူးစက်ရောဂါ အသင့်အတင့် ကျရောက်မှု ရှိပါသည်။ နည်းပညာနည်းလမ်းများ လိုအပ်ပါသည်။ လိုင်စင်၊ လေလံ လက်လှမ်းမီမှု မရှိပါ။ မွေးမြူရေးအတွက် ဈေးငွေအလုံအလောက် ရရှိရန် လိုအပ်ပါသည်။**

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | ၄ | – | ၉ | (နိမ့်) အငှါးလိုက်စားသောကြောင့် |
| ၂ | ထုတ်ကုန်လုပ်ငန်း | – | – | – | |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | ၁ | – | ၁ | လတ် |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ | – | – | – | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | - | - | - | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၅ | - | ၅ | စက်ချုပ်၊ရန်ကုန် အထည်ချုပ် (နိမ့်) |
| ၇ | လက်လီ-လက်ကားရောင်း ဝယ်ရေး | ၂ | ၅ | ၁၇ | လတ် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၂ | ၄ | ၁၀ | အငှါးလိုက်သူ၊ ကိုယ်ပိုင် လုပ်သူ (နိမ့်) |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင် မှု လုပ်ငန်း) | - | - | - | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်း ခြင်းနှင့် ဆက်စပ်သော လုပ် ငန်းများ | - | - | - | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း များ ( အုပ်ချုပ်ရေး၊ ကာကွယ် ရေးနှင့် **ဘေးကင်းလုံခြုံရေး**) | ၅ | ၅ | - | လတ် |
| ၁၃ | ပညာရေး | ၉ | ၉ | - | လတ် |
| ၁၄ | ကျန်းမာရေး | ၂ | ၂ | - | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | - | - | - | |
| ၁၆ | အိမ်များတွင် အငှားလိုက် လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | ၁ | - | ၃၃၃ | နိမ့် |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပ | ၅ | - | ၅ | လတ် |

